# ဝိစိကိစ္ဆာ (ယုံမှားခြင်း) (၁၆) ပါး

**အတိတ်အကြောင်းပြုပြီး ယုံမှားခြင်း (၅) ပါး**

၁။ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ (ရှိခဲ့) တာမှ ဟုတ်ပါရဲ့လား။

၂။ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ မဖြစ်ခဲ့ (မရှိခဲ့)ဖူးလေရော့လား။

၃။ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ မင်းပုဏ္ဏားစသည်တို့တွင် အဘယ်အမျိုးဇာတ်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်လဲ။

၄။ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်ပုံသဏ္ဍာန် ဖြစ်ခဲ့ပါလိမ့်မည်လဲ။

၅။ ငါသည် လွန်လေပြီးသော အတိတ်ကာလ အရင်ဘဝတုန်းက ဘယ်ပုံသသဏ္ဍာန် ဖြစ်ခဲ့ပြီး လွန်ခဲ့သော ဘဝအဆက်ဆက်မှာ ဘယ်လိုပုံသဏ္ဍာန်များ ဖြစ်ခဲ့ပါလိမ့်မည်လဲ။

**အနာဂတ်အကြောင်းပြုပြီး ယုံမှားခြင်း (၅) ပါး**

၁။ ငါသည် ဒီဘဝမှ နောင်အနာဂတ်ကာလ၌ ဖြစ်ရဦးမည်လား။

၂။ ငါသည် ဒီဘဝမှ နောင်အနာဂတ်ကာလ၌ မဖြစ်ရတော့ဘူးလား။

၃။ ငါသည် ဒီဘဝမှ နောင်အနာဂတ်ကာလ၌ မင်းပုဏ္ဏားစသည်တို့တွင် အဘယ်အမျိုးဇာတ်ဖြင့် ဖြစ်ရဦးမှာလဲ။

၄။ငါသည် ဒီဘဝမှ နောင်အနာဂတ်ကာလ၌ အဘယ်ပုံသဏ္ဍာန်ဖြင့် ဖြစ်ရဦးမည်လဲ။

၅။ ငါသည် ဒီဘဝမှ နောင်အနာဂတ်ကာလ ဘဝမှာ ဘယ်ပုံသဏ္ဍာန်ဖြစ်ရပြီး နောင်ဘဝ အဆက်ဆက်မှာ ဘယ်ပုံသဏ္ဍာန် ဖြစ်ရဦးမည်လဲ။

**ပစ္စုပ္ပန်ကို အကြောင်းပြုပြီး ယုံမှားခြင်း (၆) ပါး**

၁။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ခန္ဓာကိုစွဲ၍ သို့လောသို့လော တွေးတောခြင်း။

၂။ ငါဟုတ်မှ ဟုတ်ရဲ့လား။

၃။ ငါမဟုတ်ဘဲ ရှိရော့လား။

၄။ ဘယ်လိုအမျိုးဇာတ် ဖြစ်ပါလိမ့်မည်လဲ။ (မင်းမျိုးလေလား၊ ပုဏ္ဏားမျိုးလေလား)

၅။ ငါ့ရဲ့အတ္တသည် ဘယ်လိုပုံသဏ္ဍာန်ရှိပါလိမ့်မည်လဲ။

၆။ ဒီအတ္တခေါ်သော သတ္တဝါသည် ဘယ်ဘဝက လာခဲ့ပြီး ဘယ်ဘဝသို့ သွားရဦးမှာပါလိမ့်မည်လဲ။

**(ဝိသုဒ္ဓိမဂ်၊၂၊၂၃၄)**